ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

25.4.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၁၀) ဦး	(၆) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ချင်းပြည်နယ်

ဧပြီလ(၂၄)ရက်နေ့နေ့လည်(၂)နာရီခန့်တွင် မင်းတပ်မြို့နယ်အနောက်ဘက် (၄)မိုင်အကွာတွင် ရန်သူ့တပ်နှင့် ဒေသခံကာကွယ်ရေးတပ်တို့ (၁၅) မိနစ်ခန့်ကြာ ထိတွေ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

ဧပြီလ(၂၅)ရက်နေ့မနက်(၂)နာရီခန့်တွင် တန့်ဆည်မြို့နယ်၊ နားချောင်းကျကျေးရွာ ပျူစောထီးစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) ရွှေဘိုခရိုင် တပ်ရင်း (၆)၊ တပ်ရင်း(၇)၊ တပ်ရင်း(၉)၊ တပ်ရင်း(၁၂)၊ တပ်ရင်း (၂၅)၊ တန့်ဆည်မြို့နယ် ပကဖနှင့် တန့်ဆည် Mobile PDFတို့က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ရန်သူ(၁၀)ဦး သေဆုံးကာ (၆)ဦး ဒဏ်ရာရရှိခဲ့ပြီး သေနတ်(၇)လက်၊ လက်ပစ်ဗုံးများ၊ ရန်သူ့စစ်အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကာ မိမိတို့ဘက်မှ (၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

<u>ရန်ကုန်တိုင်း</u>

ဧပြီလ(၂၄)ရက်နေ့ည(၁၀:၄၂)နာရီနှင့် ည(၁၀:၄၇)နာရီခန့်က အင်းစိန်မြို့နယ်၊CID အနီးတွင် ရန်ကုန်-မြောက်ပိုင်းခရိုင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့်Yangon Urban Guerrilla Army (YUGA - MO7 Eagle) တို့က ပူးပေါင်းစစ်ဆင်ရေးအဖြစ် မိုင်း(၂)လုံးဖောက်ခွဲခဲ့သည်။ ည(၁၁:၄၂)နာရီခန့်တွင် ရန်သူ့တပ်သားများ လာရောက်စစ်ဆေးချိန်တွင် မိုင်း(၄)လုံးဖြင့် ထပ်မံ ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ရန်သူ အများအပြား ထိခိုက်ဒဏ်ရာရရှိကာ သေဆုံးနိုင်ကြောင်း သိရသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

<u>ကရင်နီ(ကယား)ပြည်နယ်</u>

- မတ်လ(၂၄)ရက်နေ့တွင် ဒီးမော့ဆိုမြို့နယ်၊ ဒေါတမကြီးရွာကို ရန်သူ့တပ်က တိုက်လေယာဉ် (၁)စီး၊ တိုက်ခိုက်ရေးရဟတ်ယာဉ် (၂)စီးဖြင့် လေကြောင်းမှ ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့ရာ တိုက်နယ်ဆေးရုံပေါ်သို့ ဗုံး (၂)လုံး ကျရောက်ပြီး ဆေးရုံ ၏ ပင်မဆောင်နှင့် နားနေဆောင်များ ပျက်စီးထိခိုက်ခဲ့ကြောင်း သိရသည်။
- ဧပြီလ(၂၃)ရက်နေ့ညပိုင်းအချိန်တွင် ဘောလခဲမြို့နယ်၊ ဟော်ခမ်းရွာအနီးသို့ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ရန်သူ့တပ်က ဂျက်ဖိုက်တာဖြင့် ဗုံး (၂)လုံး ကြဲချသွားရာ ပြည်သူ့နေအိမ် (၁)လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

<u>ရှမ်းပြည်နယ်</u>

ဧပြီလ(၂၅)ရက်နေ့နေ့လည်(၁:၁၀)နာရီခန့်တွင် ဖယ်ခုံမြို့နယ်၊ ဆောင်းဖွေးရွာကို ရန်သူ့တပ်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဆောင်းဖွေးဆေးရုံနှင့်ဆေးရုံရှေ့ ဈေးဆိုင်တန်းသို့ ပေါင် (၅၀၀) ဗုံးသီး (၁) လုံးစီ ကျရောက်ခဲ့ပြီး ဆေးရုံအဆောက်အအုံနှင့် ဆိုင်ကယ်များ ပျက်စီးကာ အနည်းဆုံး ပြည်သူ (၃)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကချင်ပြည်နယ်

ဧပြီလ(၂၄)ရက်နေ့တွင် ရွှေကူမြို့နယ်၊ အမှတ် (၂)ရပ်ကွက်မှ PDF ထောက်ပံ့ သည်ဟု စွပ်စွဲကာ ဖမ်းဆီးခံခဲ့ရသည့် ကုန်စုံဆိုင် လင်မယား၏ နေအိမ်ကို ရန်သူ့တပ်က တပ်ပိုင်မြေဟု လာရောက် ချိပ်ပိတ် သွားခဲ့ကြောင်း သိရသည်။

မကွေးတိုင်း

- ဧပြီလ(၂၄)ရက်နေ့၊နေ့လည်(၂)နာရီခန့်တွင် ပေါက်မြို့နယ်၊ ပင်တောင်ရွာ(ပျူစောထီးရွာ)နှင့် ပင်တောင်ကျေးရွာ၊ သစ်ချိုကုန်းကျေးရွာနှင့်ဝန်ခြိုးကျေးရွာများရှိ နယ်မြေခံပျူစောထီးများက ဇီးတောရွာသို့ ဝင်ရောက်ကာ ပြည်သူပိုင်နေအိမ်များကို အကြမ်းဖက်မီးရှို့ဖျက်ဆီးခဲ့သောကြောင့် ပြည်သူပိုင် နေအိမ်များ မီးလောင်ပြာကျခဲ့သည်။ ဒေသခံပြည်သူများ၏ စားနပ်ရိက္ခာများကို အကြမ်းဖက် ခိုးယူသယ်ဆောင်သွားခဲ့သည်။ ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။
- ဧပြီလ(၂၃)ရက်နေ့၊မနက်(၆:၁၅)နာရီခန့်တွင် ပေါက်မြို့နယ်၊ ဇီးပြားရွာအခြေပြု ရန်သူ့တပ်ဖွဲ့ဝင်များ ခြေကုပ်ယူထားသော ရဲစခန်းမှ ရန်သူ့တပ်ဖွဲ့ဝင် (၁၀၅) ဦးခန့်က မင်းကိုင်းကျေးရွာ၊ ထန်းတောကျေးရွာနှင့်ချောင်းညာကျေးရွာများသို့ ဝင်ရောက်ခဲ့ပြီး ဒေသခံပြည်သူများပိုင်ဆိုင်သော ရွှေထည်ပစ္စည်းများ၊ တန်ဖိုးကြီးပစ္စည်းများကို အကြမ်းဖက်ကာ အတင်းအဓမ္မယူဆောင်ခဲ့ပြီး ဒေသခံပြည်သူ (၅)ဦးကို အကြမ်းဖက် သတ်ဖြတ်ခဲ့သည်။

တနင်္သာရီတိုင်း

ဧပြီလ(၂၄)ရက်နေ့တွင် သရက်ချောင်းမြို့နယ်၊ဝဲရစ်ကျေးရွာမှ အမျိုးသား(၂၀)ကျော်ကို ဝဲရစ်ကျေးရွာအတွင်းသို့ စစ်ကြောင်းထိုးဝင်ရောက်လာသည့် ရန်သူ့တပ်ဖွဲ့က ဝင်ရောက်ဖမ်းဆီးသွားကြောင်း သိရသည်။